# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၈၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄–၈–၂၀၁၅ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **၅** ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးနန္ဒကျော်စွာ၊ ဒဂုံ မဲဆန္ဒနယ်၏ **မော်တော်ယာဉ်များ မှတ်ပုံတင်ရာတွင် ယာဉ်အမှတ်များကို အင်္ဂလိပ်နံပါတ်များ ပြောင်းလဲတပ်ဆင်ပေးရခြင်း အကြောင်းအရင်း၊ မော်တော်ယာဉ်နံပါတ်ပြား၏ အရောင်၊ ရေးသားထားသော အင်္ဂလိပ်အက္ခရာများ၏ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော နံပါတ်ပြားများ မဟုတ်ဘဲ အခြားနံပါတ်ပြားများ တပ်ဆင် သွားလာလျက်ရှိသည့် ယာဉ်များနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **အုပ်ချုပ်ရေးမြို့တော်၊ နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာ လိုက်နာ ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ တာဝန်ကျ ယာဉ်ထိန်းရဲများ အနေဖြင့်လည်း အရေးယူဆောင်ရွက်ခြင်းများ အားနည်းနေခြင်း အပေါ် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်နိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိ ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးချုပ်အဆင့်ထိ တိုးမြှင့်ခန့်ထားပေးရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် အမြဲတမ်းကော်မတီဝင်အဖြစ် ခန့်အပ်မည့် တပ်မတော်သားများ၏ ရာထူးကို လက်ရှိ ဒုတိယဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်ထိ တိုးမြှင့်ခန့်ထားပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိုး၊ လောင်းလုံး မဲဆန္ဒနယ်၏ **ထားဝယ်မြို့နယ်ရှိ (၂၄) မဂ္ဂါဝပ်ထွက်ရှိမည့် အညာဖျားရေအားလျှပ်စစ်စီမံကိန်းအား အဘယ်ကြောင့် ရပ်တန့်နေရပါသနည်းနှင့် ဆက်လက်လုပ်ကိုင်မည့် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော **“ အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၈၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။